## Which countries care most about Myanmar?
## နိုင်ငံတကာဖိအားကို ဘယ်လို ကျော်လွှားမလဲ?

“ICCနိုင်ငံတကာရာဇဝတ်မှုခုံရုံးစွပ်စွဲချက်တွေကိုလျစ်လျူရှုထားလို့ မရဘူး။လုံခြုံရေးကောင်စီမှာတရုတ်နဲ့ ရုရှက အကာအကွယ်ပေးမှာပေါ့လို့ တော့ပြောစရာရှိပါတယ်။သို့ သော်ဗီတိုVetoဆိုတာခဏခဏသုံးလို့ ရတဲ့ကိစ္စ မဟုတ်ဘူး။ သုံးတဲ့နိုင်ငံတွေမှာ ဂုဏ်သိက္ခာရှိပါတယ်။ အဲဒီနိုင်ငံတွေမှာ သူတို့ ရဲ့ အကျိုးစီးပွားရှိတယ်။ တရုတ်နဲ့ ရေနံစီးပွားပေါ်မှာအခြေခံဆက်စပ်နေတဲ့ OIC နိုင်ငံတွေရှိတယ်။ဒါကိုလျော့မတွက်ဖို့ လိုတယ်။”

# ဒေါက်တာသောင်းထွန်း (နိုင်ငံရေးလေ့လာသူ)

---

“စစ်တပ်က ဥပဒေမဲ့တရားလက်လွတ်ကိစ္စ ဘယ်တော့မှမလုပ်ဘူး။ သတ်လိုက်ကွာ ဖြတ်လိုက်ကွာလို့ စစ်တပ်ကဘယ်တော့မှမပြောဘူး။ အထူးသဖြင့်မှဒိမ်းကျူးလွန်တဲ့သူကို သိရင်တော့ ပစ်သတ်မယ့် အဆင့်ရှိတယ်။ ရခိုင်ဒေသက စွပ်စွဲမှုတွေတကယ်ဖြစ်သွားလား မဖြစ်သွားလားဆိုတာကတော့ ကော်မရှင်ဖွဲ့ ရင်သိနိုင်ပါတယ်။ တကယ်လို့ ရွာတွေကို သူတို့ ဘာသာသူတို့ မီးရှို့ တာဆိုရင်တော့ ဂင်စစ်ဖို့ စိန်ခေါ်လိုက်ပါ။ ဒီလိုဆိုရင်ဖိအားက ကျသွားလိမ့်မယ်”

# ဒေါက်တာအောင်မျိုး ( နိုင်ငံရေးသုတေသီ )

---

“လောလောဆယ်မှာ နိုင်ငံတကာမီဒီယာတွေရဲ့ ဖော်ပြချက်နဲ့ မြန်မာနိုင်ငံဟာ Reputation Risk ဂုဏ်သိက္ခာထိခိုက်တဲ့ကိစ္စက ချက်ချင်းဖြစ်လာတယ်။ Tourism တွေကျသွားတယ်။ ရင်းနှီးမြှုပ်နှံမှုတွေကျသွားတယ်။ နိုင်ငံတကာကုမ္ပဏီကြီးတွေလာဖို့ အရမ်းကြောက်သွားတယ်။ ICC တို့ ဘာတို့ မလာခင်မှာ လတ်တလောဖြစ်နေတဲ့ကိစ္စရပ်တွေပါ။ Reputation Risk ရှိနေသ၍ မြန်မာအစိုးရနဲ့ တပ်မတော်နဲ့ ကို နီးနီးကပ်ကပ်ဆက်ဆံချင်တဲ့နိုင်ငံတွေတောင် အခက်အခဲရှိသွားတယ်။ “

**ဒေါက်တာမင်းဇော်ဦး အလုပ်အမှုဆောင် ဒါရိုက်တာ ( မြန်မာ့ငြိမ်းချမ်း ရေးနှင့် လုံခြုံရေးအင်စတီကျု)**

---

"နိုင်ငံရဲ့ အချုပ်အခြာအာဏာအတွင်းက ဒီပြဿနာကို ဖြေရှင်းတဲ့အခါမှာ ပွဲထွက်မသွားရအောင် လုပ်ဖို့ လိုတယ်။ တဖက်ကလည်း ပွင့်ပွင့်လင်းလင်းပြောရရင် တည့်တည့်ပြောရရင် ဘင်္ဂလားဒေ့ရှ်ရဲ့ နိုင်ငံရေး ကစားမှုက လည်း အများကြီးပါတယ်။ဒါကိုငြင်းပယ်လို့ မရဘူး"

## ကိုမြအေး (၈၈ မျိုးဆက်)

---

---

"နိုင်ငံတကာက မြန်မာနိုင်ငံကို အထင်လွဲနေတယ်ဆိုတဲ့ကိစ္စက ချက်ချင်းပေါ်လာတာတော့မဟုတ်ပါဘူး။ ရခိုင်ပြည်နယ်မှာ လူမျိုးရေး ဘာသာရေးပြဿနာတွေပေါ်နေတာ ၆ နှစ် ၇နှစ်ရှိပါပြီ။ လူ ၇သိန်းကျော် တဖက်နိုင်ငံ ကိုရောက်နေတာကို ပြန်ခေါ်ဖို့ မြန်မာအစိုးရအနေနဲ့ ရှင်းရှင်းလင်းလင်းပြောတာမရှိသေးဘူး။"

## အထူးဧည့်သည် - ဦးကျော်မင်း ဥက္ကဌ (Democracy and Human Rights Party)

---

"တကယ်ဖြစ်တဲ့အချိန်မှာ ပြည်သူလူထုကို အမှန်တရားချပြဖို ့လိုပါတယ်။အကြမ်းဖက်မှုမှာ ဟိန္ဒူတွေ ဘယ်လောက်ထိ ထိထားလဲဆိုတာ ဟိန္ဒူတွေမသိခဲ့ပါဘူး။ မသိခဲ့ရတော့ Action ယူတာတွေ နောက်ကျခဲ့ ရတယ်။ ဟိန္ဒူတွေရဲ ့အသံက အရမ်းနည်းပါတယ်။ နိုင်ငံတကာဖိအားနဲ ့လာတဲ့ပြဿနာကို ရှင်းတဲ့နေရာမှာ ဖြစ်ဖြစ် ပြည်တွင်းမှာပြန်လည်ဖြေရှင်းတဲ့အခါမှာပဲဖြစ်ဖြစ် ဟိန္ဒူကလ္လာ အရမ်းနည်းပါးနေပါတယ်။"

## အထူးဧည့်သည် -ဒေါ်ကက်သလင်းသိန်း (ဟိန္ဒူအမျိုးသမီးများကွန်ယက်)

---

"တဖက်နိုင်ငံရောက်နေသူတွေပြန်လည်လက်ခံဖို ့ကျနော်တို ့လူမျိုးတွေအနေနဲ ့အတိုင်းအတာတစ်ခုထိ သဘောထားကြီးပေးလို့ တော့ရတယ်။ သို့ သော် ရခိုင်ပြည်သူတွေရဲ့ သဘောဆန္ဒကို လျစ်လျူ မရှု ဖို့ တော့ လိုတယ်။"

"တစ်ချက်က အင်အားကြီးနိုင်ငံတွေရဲ့ နိုင်ငံရေးအရသော်လည်ကောင်း စီးပွားရေးအရသော်လည်းကောင်း ပြိုင်ဆိုင်ကြတဲ့အခါ ကျနော်တို့နိုင်ငံမှာရှိတဲ့ တရုတ်ရဲ့စီးပွားရေးလက်တံတွေကို ရိုက်ချိုးဖို့အတွက် ဒီနေရာမှာ မငြိမ်းချမ်းအောင်ကစားကွက်တွေလာလုပ်နေသလားလို့ ပြန်သုံးသပ်ဖို့ လိုတယ်။ နိုင်ငံတကာဖိအားနည်းခြင်း များခြင်းက နိုင်ငံရဲ့ အင်အားနည်းမှု များမှုအပေါ်မှာပဲမူတည်ပါတယ်။ အခု အစ္စရေးမှာ ဂျေရုစလင်ကိစ္စ ဖြစ်နေတယ်။ လူတွေသတ်တာတွေအများကြီးရှိနေတယ်။ နိုင်ငံတကာရဲ့ ဖိအားက အစ္စရေးပေါ်မှာထား တာနဲ့ မြန်မာနိုင်ငံပေါ်မှာထားတာ ဘာလိုကွာခြားလဲဆိုတာလည်း ကျနော်တို့ပြန်သုံးသပ်ဖို့ လိုတယ်။ "

**အထူးဧည့်သည်- ကိုညီညီဇော် (ရခိုင်ကျောင်းသားခေါင်းဆောင်)**

--------------------------------------------------------------------------------------------------------------